## စက်မှုဇုန်များတွင် တင်ပြထားသော ဂိုဒေါင်အဆောက်အဦများအတွက် ဖြေလျှော့ဆောင်ရွက်ထားမှုများ

| စဉ် | ဖြေလျှော့ဆောင်ရွက်သည့် အကြောင်းအရာ |
|---|---|
| ၁ | မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး (EO) ရုံး၏ မြေခွန်မြေခ ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက် တင်ပြရန် မလိုတော့ပါ။ |
| ၂ | စက်မှုဇုန်များတွင် အဆောက်အဦဆောက်လုပ်ရာ၌ ဇုန်ကော်မတီ၏အခွန်အခကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြရန် မလိုတော့ပါ။ |
| ၃ | Soil Investigation Report တင်ပြရန် မလိုပါ။ |
| ၄ | ပတ်ဝန်းကျင်ထောက်ခံချက် တင်ပြရန် မလိုပါ။ |
| ၅ | ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် တင်ပြရန် မလိုပါ။ |

## Waivers for ware house construction in industrial zones

| Serial | Waivers |
|---|---|
| 1 | The requirement to submit land and tax clearance letter by Township Development Executive Office (EO) has been waived. |
| 2 | For the buildings constructed in the industrial zones, the requirement to submit tax clearance letter by Zone Management Committee has been waived. |
| 3 | Submission of soil investigation report has been waived. |
| 4 | The consent of the surroundings has been waived. |
| 5 | Approval or recommendation of the ward administrator has been waived. |

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၌ ဆောက်လုပ်ခွင့်လျှောက်ထားတင်ပြရာတွင် မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနမှ (၁)နှစ်အတွင်းထုတ်ပေးထားသော မြေပုံ/မြေရာဇဝင် မူရင်း (Certified Map) နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ်သည့်မြေပုံ (Demarcation Map) နှစ်မျိုးတင်ပြရခြင်းအစား ၂-၁-၂၀၁၉ ရက်နေ့မှစ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ (၁)နှစ်အတွင်း ထုတ်ပေးထားသော နယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ (Demarcation Map) တစ်မျိုးတည်း သာတင်ပြရန် လိုအပ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>
အင်ဂျင်နီယာဌာန(အဆောက်အအုံ)<br>
အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့<br>
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**Public Notification**

This is to notify that starting from 2-1-2019, an Application for the Building Construction Permit at the Engineering Department (Building) of Yangon City Development Committee, will require only the submission of Demarcation Map issued within a year by City Planning and Land Administration Department instead of the submission of both Certified map and Demarcation map issued by City Planning and Land Administration Department within a year.

Head of Department (Deputy Director General)<br>
Engineering Department (Building)<br>
Yangon City Development Committee

## အများသိစေရန် ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်သည့် အဆောက်အအုံများကို ကြီးကြပ်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အင်ဂျင်နီယာလိုင်စင်များအား စိစစ်ထုတ်ပေးခဲ့ရာ အဆိုပါလိုင်စင်များသည် ၃၁-၃-၂၀၁၈ ရက်နေ့ တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး၊ ၁-၄-၂၀၁၈ ရက်နေ့မှစ၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီများတွင် မှတ်ပုံတင်ထားသော အင်ဂျင်နီယာ/ဗိသုကာများဖြင့်သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကြီးကြပ်ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း ၁၅-၃-၂၀၁၈ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီး ဆောင်ရွက်လျှက်ရှိပါသည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၁-၄-၂၀၁၈ ရက်နေ့မတိုင်မီ ခွင့်ပြုချက် တင်ပြထားသော ဆောက်လုပ်ခွင့် အမှုတွဲများနှင့် ခွင့်ပြုချက်ရရှိပြီး ဆောက်လုပ်ဆဲ အဆောက်အအုံများတွင် မူလကြီးကြပ်ခဲ့သော လိုင်စင်အင်ဂျင်နီယာများ(LS)၊ အဆောက်အအုံ အင်ဂျင်နီယာများ(SEC)၊ Accredited Checker (AC)များအား ဆောင်ရွက်ဆဲများဖြစ်သဖြင့် ဖြေလျှော့ပြီး ဆောင်ရွက်ခွင့်ပေးလျက်ရှိရာ အချိန်ကာလ(၇)လကျော်ကြာခဲ့ပြီဖြစ်၍ မူလ အင်ဂျင်နီယာများဖြင့် ဆောင်ရွက်ဆဲရှိနေသည့် အဆောက်အအုံများအားလုံးအား ၁-၄-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာများဖြင့် ပြောင်းလဲ ဆောင်ရွက်ရန်လိုအပ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**Public Notification**

1. The implementation of the newspaper announcement of 15-3-2018, that Engineering Licenses issued by Yangon City Development Committee for supervision of building construction within Yangon City Development Committee Area will expire on
2. 
3. 31-3-2019 and starting from 1-4-2018, only the engineers/architects registered with the Myanmar Engineer Council and the Myanmar Architect Council will be allowed to supervise the building construction within the boundary of Yangon City Development Committee Area, is underway.
4. It has already been more than 7 months that the cases submitted and the cases that have already been permitted before 1-4-2018 and under construction have been waived to proceed work with their previous Licensed Surveyors (LS), Structural Engineers (SEC) and Accredited Checkers (AC). It is therefore notified for all those buildings to change, latest by 1-4-2019, their supervisors with engineers/architects registered with the Myanmar Engineer Council and the Myanmar Architect Council.

Yangon City Development Committee

## အများသိစေရန် ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်သည့်အဆောက်အအုံများကို ကြီးကြပ်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အင်ဂျင်နီယာလိုင်စင်များအား စိစစ်ထုတ်ပေးထားခဲ့ရာ အဆိုပါလိုင်စင်များသည် ၃၁.၃.၂၀၁၈ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး၊ ၂၀၁၈ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီများတွင် မှတ်ပုံတင်ထားသော အင်ဂျင်နီယာ/ဗိသုကာများဖြင့်သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကြီးကြပ်ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကြီးကြပ်ဆောက်လုပ်ခွင့်ရရှိသည့် အင်ဂျင်နီယာ/ဗိသုကာများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မှတ်ပုံတင်ကြေးထပ်မံပေးဆောင်ရန် မလိုအပ်ကြောင်းနှင့် ကြီးကြပ်ဆောက်လုပ်ခွင့်ရှိသည့် အဆောက်အအုံ အမျိုးအစား၊ အဆောက်အအုံအမြင့်တို့ကိုလည်း သက်ဆိုင်ရာကောင်စီများ၏ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အပိုဒ်(၁)နှင့် အပိုဒ်(၂)ပါအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ရယူထားသော အင်ဂျင်နီယာများအနေဖြင့် သက်ဆိုင်ရာကောင်စီများနှင့် လိုအပ်သလို ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ဖြည့်စွက်ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## NOTIFICATION

1. Yangon City Development Committee has been issuing Engineering Licenses for supervision of building construction within Yangon City Development Committee Area. As those licenses will expire by 31-3-2019, starting from 1-4-2018, only the engineers/architects registered with the Myanmar Engineer Council and the Myanmar Architect Council will be allowed to supervise the building construction within the boundary of Yangon City Development Committee Area.
2. No extra registration fee will be required for the qualified Engineers and Architects to supervise building construction within the boundary of Yangon City Development Committee Area. The type and height of buildings permissible for supervision will also be ruled by the qualification requirements of the concerned Councils.
3. The articles (1) and (2) are to be implemented in accordance to the Law, Regulation, and Procedures of YCDC. The Engineers, who are the holders of the licenses issued by YCDC are to contact the concerned councils.

Yangon City Development Committee